# ပေးကားပေး၏

# မရ



နိုဝင်ဘာ - ၂၀၂၀

# မာတိကာ


| | |
|---|---|
| အမှာစကား | ၂ |
| သက်သေခံကတ်ပြားနှင့် ဆန္ဒမဲပေးပိုင်ခွင့် | ၃ |
| သုတေသနလုပ်ငန်းဆောင်ရွက်ခဲ့သည့်ဒေသ | ၄ |
| လဝကဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးမှုများ | ၅ |
| Braveheart Foundation မှ အားဖြည့်ပါဝင်ခဲ့မှုများ | ၆ |
| အသုံးပြုဆောင်ရွက်ခဲ့သည့် နည်းလမ်းများ | ၉ |
| ဆွေးနွေးပွဲတွင်ပါဝင်သူများ၏ နောက်ခံအခြေအနေ | ၁၀ |
| လဝကကွင်းဆင်းခြင်းနှင့်ပတ်သက်၍ သိရှိမှုအခြေအနေ | ၁၁ |
| ကွင်းဆင်းမည့်သတင်းကို မသိရှိရခြင်း အကြောင်းအရင်း | ၁၃ |
| လာရောက်မလျှောက်ထားရသည့် အကြောင်းအရင်း | ၁၃ |
| အဓိကတွေ့ရှိချက်များ | ၁၈ |
| အကြံပြုတင်ပြချက်များ | ၁၉ |
| အဖွဲ့အစည်း နောက်ခံအကျဉ်း | ၂၁ |
| ကျေးဇူးတင်လွှာ | ၂၂ |


UNHCR ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။

သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသော်လည်း

နိုင်ငံသားစိစစ်ရေးကတ် လာရောက်လျှောက်ထားခြင်းမရှိသဖြင့်

ကိုင်ဆောင်လက်မှတ်မရကြသေးသူများအား တွေ့ဆုံမေးမြန်းပြီး ဆန်းစစ်လေ့လာထားသည့်

# သုံးသပ်ချက်အစီရင်ခံစာ

# အမှာစကား

သက်သေခံကတ်ပြားဆိုသည်မှာ လူတစ်ဦးတစ်ယောက်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်လျက်ရှိပြီး နိုင်ငံသားအရည်အချင်းလည်း ပြည့်မီသောကြောင့် နိုင်ငံသားဆိုင်ရာ သက်သေခံ အထောက်အထားတစ်ခုအဖြစ် လျှောက်ထားကိုင်ဆောင်သင့်သည့် စာရွက်စာတမ်းတစ်ခုပင်ဖြစ်သည်။ အဆိုပါသက်သေခံ ကတ်ပြားအား တရားဝင်ကိုင်ဆောင်ထားနိုင်မှသာလျှင် ဥပဒေပါအခွင့်အရေးများအား ပြည့်ပြည့်ဝဝ ခံစားနိုင်ကြမည် ဖြစ်သည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အဆိုပါသက်သေခံကတ်ပြားများကို လျှောက်ထားကိုင်ဆောင်နိုင်ကြခြင်း မရှိသေးသူများလည်း မြန်မာနိုင်ငံအတွင်း အမြောက်အမြားရှိနေသေးကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ သန်းကျော်ရှိပြီး ၎င်းတို့အနက် အသက် (၁၀) နှစ်အထက် လူဦးရေမှာ စုစုပေါင်း သန်း(၄၀)ကျော်ရှိနေပါသည်။ သို့ရာတွင် အဆိုပါလူဦးရေ သန်း(၄၀) ကျော်ထဲတွင် *မည်သည့်သက်သေခံကတ်ပြားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသူ စုစုပေါင်းမှာ (၁၁)သန်းကျော်*မျှပင် ရှိနေသည်ကိုလည်း တုန်လှုပ်ဖွယ်လေ့လာတွေ့ရှိခဲ့ပါသည်။

ထိုကဲ့သို့ အထောက်အထားမဲ့လူဦးရေ များပြားနေမှုအား လျှော့ချနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အထူးစီမံချက်များချမှတ်၍ နှစ်စဉ်လိုလိုပင် ကွင်းဆင်းဆောင်ရွက်မှုများကို ပြုလုပ်ပေးလျက်ရှိပါသည်။ ယခုဆိုလျှင်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည် ဖြစ်သောကြောင့် နိုင်ငံသားများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးရစေရန် အထူးစီမံချက်တစ်ရပ်ကိုလည်း ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား (အရပ်အခေါ် မှတ်ပုံတင်)အား ထုတ်ပေးနိုင်ရန် လုပ်ဆောင်နေသည့်တိုင် လာရောက်လျှောက်ထားနိုင်ခြင်းမရှိကြသူ အင်မတန်များပြားနေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတစ်ဦးအတွက် မရှိမဖြစ်အရေးပါသည့် သက်သေခံစာရွက်စာတမ်းကို လျှောက်ထား ကိုင်ဆောင်ကြရန် ပျက်ကွက်နေရခြင်း၏ အဓိကအခြေခံအကြောင်းတရားများအား ဖော်ထုတ်နိုင်ရန်အတွက် ဤသုတေသနအစီရင်ခံစာအား ပြုစုထုတ်ဝေရခြင်းဖြစ်ပါကြောင်း ....... ။

**Braveheart Foundation**

# သက်သေခံကတ်ပြားနှင့် ဆန္ဒမဲပေးပိုင်ခွင့်

ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတိုင်းအတွက် ရွေးကောက်ပွဲဆိုသည်မှာ မရှိမဖြစ်အရေးပါသည့် အခြေခံအုတ်မြစ်တစ်ခုပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စမ်းသပ်ကျင့်သုံးလာခဲ့သည်မှာ ယခုဆိုလျှင် တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကြီးကိုပင် ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ လက်မလွှတ်သင့်သည့် အခွင့်အရေးတစ်ခုဖြစ်သကဲ့သို့ ကျေပွန်ကြရမည့် တာဝန်တစ်ရပ်လည်းဖြစ်ပေသည်။ "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆိုသည်မှာ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည် -

(၁) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊

(၂) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ။" ဟူ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဆိုသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတိအလင်း အဓိပ္ပါယ်ဖွင့်ဆိုပေးထားပါသည်။[1]

ထိုကဲ့သို့ နိုင်ငံသားတစ်ဦးအတွက် ငါးနှစ်တွင်တစ်ကြိမ်သာရရှိနိုင်မည့် အခွင့်အရေးတစ်ခု မဆုံးရှုံးရစေရန်အလို့ငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြီးမှူး၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏အကူအညီဖြင့် ၂၀၁၉ ခုနှစ်အတွင်း ပြုစုခဲ့ပါသည်။ ထိုကဲ့သို့ပြုစုရာတွင် ယခင်အကြိမ်များကဲ့သို့ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)ပါ အချက်အလက်များကို အခြေခံကောက်ယူခြင်းမျိုးမဟုတ်ဘဲ လက်တွေ့မြေပြင်တွင် ရှိထားသည့်အတိုင်းကောက်ယူရသည့် ရှိ/ကောက် စနစ်ကို အသုံးပြုခဲ့ကြောင်းလည်း လေ့လာသိရှိရပါသည်။ ထိုကဲ့သို့ကောက်ယူပြုစုထားသည့်စာရင်းအရ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစုစုပေါင်းမှာ (၃၇)သန်းကျော်ရှိကြောင်း ထုတ်ပြန်ပေးခဲ့ပါသည်။[2] ထို့နောက် မဲဆန္ဒရှင်စာရင်းများကို ၂၀၂၀ ခုနှစ် ဇူလိုင် (၁၅)မှ ဩဂုတ် (၇) အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု များတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့ပါသည်။

ပထမအကြိမ် မဲစာရင်းကိုကြေညာပြီးနောက် ဩဂုတ် (၄) ရက်အထိ လာရောက်ကြည့်ရှုသူ ခြောက်သန်းကျော်ရှိပြီး မဲစာရင်းတွင်မပါဝင်သဖြင့် တောင်းဆိုသူ နှစ်သိန်းကျော်၊ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ခြောက်သောင်းကျော်နှင့် အချက်အလက်မှားယွင်းသည့်အတွက် ပြင်ဆင်ရန် ပုံစံ (၄-က) ဖြင့်တင်ပြသူ တစ်သိန်းခွဲရှိနေပါသည်။ ထို့နောက် ပထမအကြိမ်မဲစာရင်းကြေညာရက်ကို ဩဂုတ် (၇) ရက်မှ (၁၄) ရက်အထိ ထပ်မံတိုးမြှင့်ခဲ့သည်။[3]

တစ်ဆက်တည်းမှာပင် လက်ရှိပြုစုထားပြီးဖြစ်သည့် မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်သော်လည်း ကိုင်ဆောင်လက်မှတ် (နိုင်ကတ်/မှတ်ပုံတင်/အလားတူတစ်ခုခု) ဖော်ပြထားခြင်းမရှိသူများအား သီးသန့်စာရင်းပြုစုထားပြီး ပြန်လည်စိစစ်ပေးရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(လဝက)ထံသို့ ပေးပို့လာခဲ့သည်။ ဌာနအနေဖြင့်လည်း နိုင်ငံသားတစ်ဦး၏အခွင့်အရေး မဆုံးရှုံးစေရန်နှင့် အရည်အချင်းပြည့်မီသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားဖြစ်/မဖြစ် စိစစ်ရေး၊ ဟုတ်မှန်ပါက ကိုင်ဆောင်သင့်သည့်လက်မှတ်တစ်ခုခုထုတ်ပေးနိုင်ရေးတို့ကို စီမံချက်များရေးဆွဲကာ ကြိုးပမ်းဖြည့်ဆည်းပေးခဲ့ရပါသည်။

---

[1] Retrieved August 12, 2020, https://www.uec.gov.mm/

[2] (July 16, 2020). အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ဇူလိုင် ၂၅ရက်တွင် ပထမအကြိမ်စတင်ကြေညာမည်။ ညဏ်လင်းထွန်း - Retrieved October 13, 2020, https://news-eleven.com/article/183104

[3] (August 16, 2020) စိတ်ပျက်ဖွယ်မဲစာရင်းအမှားများနှင့် ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုအတွက် မည်ကဲ့သို့ တာဝန်ယူတာဝန်ခံမည်နည်း။ ဆန်းမိုးထွန်း - Retrieved October 13, 2020, https://news-eleven.com/article/187453

# သုတေသနလုပ်ငန်း ဆောင်ရွက်ခဲ့သည့်ဒေသ

ဤအစီရင်ခံစာပါ သုတေသနလုပ်ငန်းများကို Braveheart Foundation အဖွဲ့မှ စီမံချက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်အတွင်းမှ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း)တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ လှိုင်သာယာမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၄၅) မြို့နယ်အနက် လူဦးရေ အထူထပ်ဆုံးဖြစ်ပြီး ဒေသခံအများစုမှာ အခြေခံလူတန်းစားများဖြစ်ကြသည်။ ၁၉၈၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် လှိုင်သာယာမြို့နယ်အတွင်းသို့ နာဂစ်မုန်တိုင်းအပြီး၌ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့မှ ရွှေ့ပြောင်းအခြေချသူများ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သောကြောင့် လူဦးရေမှာလည်း တစ်ဟုန်ထိုးမြင့်တက်သွားခဲ့သည်။ ရပ်ကွက် (၂၀)၊ ကျေးရွာအုပ်စု (၉)ခု တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် လှိုင်သာယာမြို့နယ်တွင် လူဦးရေများပြားလာသည့်အပြင် စက်မှုဇုန်များလည်းတည်ရှိနေသဖြင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ပိုမိုပီပြင်စွာဆောင်ရွက်နိုင်ရန်အတွက် လှိုင်သာယာမြို့နယ်အား ၂၀၂၀ ပြည့်နှစ်တွင် အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ နှစ်ခြမ်းခွဲခြားခဲ့သည်။

အဆင့်မြင့်အိမ်ရာများစွာနှင့် စက်ရုံကြီးများ အမြောက်အမြားရှိနေသော်ငြား လှိုင်သာယာမြို့နယ်တွင် နေထိုင်ကြသူအများစုမှာ အခြေခံလူတန်းစားများဖြစ်ပြီး ကျပန်းလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိကြသည်။ အိုးအိမ်ပိုင်ဆိုင်မှုအနေဖြင့်လည်း စုစုပေါင်း ၃၉.၄ ရာခိုင်နှုန်းသာရှိပြီး အိမ်ငှား (အဆောင်တွင်နေထိုင်သူ၊ တိုးချဲ့ကွက်သစ်တွင်နေထိုင်သူများအပါအဝင်) အရေအတွက်ကမူ လှိုင်သာယာမြို့နယ် လူဦးရေစုစုပေါင်း၏ ၅၇.၁ ရာခိုင်နှုန်းမျှပင်ရှိနေသည်။[4] ဤအချက်သည် နောင်အခါတွင် လဝကဌာနမှ ကွင်းဆင်း ဆောင်ရွက်ပေးသော်ငြား အိမ်ထောင်စုလူဦးရေစာရင်းမရှိသဖြင့် သက်သေခံကတ်ပြားတခုခု လျှောက်ထားကိုင်ဆောင်ခြင်း မပြုနိုင်ရသည့်အတွက် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်လာပါသည်။

အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားရယူလိုပါက တည်မြဲလိပ်စာကိုအခြေတည်၍ ထုတ်ပေးရခြင်းဖြစ်ရာ အိုးအိမ်ပိုင်ဆိုင်မှု(ဂရန်အမည်ပေါက်)သည် အထူးအရေးပါလှပေသည်။ အိမ်ငှားဖြစ်ပါကလည်း အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားနိုင်သော်ငြား အိမ်ရှင်ဖြစ်သူထံမှသဘောတူခွင့်ပြုချက်လိုအပ်သကဲ့သို့ အခြားသတ်မှတ်ချက်များလည်း ရှိနေသေးသည်ဖြစ်ရာ ထိုအချက်များနှင့်မကိုက်ညီသူများအတွက် အဆင်မပြေမှုများစွာ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။







[4] လှိုင်သာယာမြို့နယ် အစီရင်ခံစာ၊ ၂၀၁၄ သန်းခေါင်စာရင်း။

# လဝကမှ ကွင်းဆင်းဆောင်ရွက်ပေးမှုများ

မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်ထုတ်ပြန်ရာတွင် လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း (၃၆၂၄၂၅)ဦး[5] ရှိကြောင်းသိရသည်။ သို့ရာတွင် ၎င်းတို့အနက် သက်သေခံလက်မှတ်ဖော်ပြထားနိုင်ခြင်းမရှိသူ အရေအတွက်မှာ (၈၁၂၆)ဦး ရှိနေသေးသည့်အတွက် ဆန္ဒမဲပေးပိုင်ခွင့်အရည်အချင်းများနှင့်ကိုက်ညီခြင်းရှိ/မရှိကို ပြန်လည် စိစစ်ပေးနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသို့ လွှဲပြောင်းပေးပို့လာခဲ့သည်။ ထုတ်ပြန်ပေး ခဲ့သည့် မဲဆန္ဒရှင်စာရင်းတွင် အချက်အလက်မှားယွင်းမှုများ၊ နာမည်ကျန်နေခဲ့သူများ၊ မိသားစုအလိုက် ပျောက်ဆုံးမှုများ ရှိနေသကဲ့သို့ ယခုပေးပို့လာသည့် ကိုင်ဆောင်လက်မှတ်မရှိသူများစာရင်းတွင်လည်း အားနည်းချက်အများအပြားကို မြင်တွေ့ခဲ့ရပြန်သည်။



အဆိုပါစာရင်းအတိုင်း မြေပြင်တွင်ကွင်းဆင်းစစ်ဆေးရာတွင် နေအိမ်မှပြောင်းရွှေ့ သွားသူများ၊ သေဆုံးသွားသူများရှိနေသကဲ့သို့ မဲစာရင်းပြုစုစဉ်က ကိုင်ဆောင် လက်မှတ်မရှိသေးသော်လည်း ကြားကာလတွင် လျှောက်ထားကိုင်ဆောင်နိုင်ကြပြီ ဖြစ်သောကြောင့် နိုင်/ကတ်ရရှိထားပြီးသူများကိုလည်း တွေ့ရပြန်သည်။ လိပ်စာ မှားယွင်းမှု အမြောက်အမြားရှိနေသည့်အပြင် ထူးခြားချက်အနေဖြင့် လှိုင်သာယာ မြို့နယ်တစ်ခုလုံးတွင်ပင်မရှိသော လမ်းအမည်များပါဝင်နေခြင်း၊ အသက်(၁၈)နှစ် မပြည့်သေးသူများကိုလည်း ထည့်သွင်း ပြုစုထားခြင်းတို့ကို တွေ့ရှိရသည်။ ဤသို့ဖြစ်ရသည်မှာ မြေပြင်စာရင်း ကောက်ယူမှု၊ ဖြည့်သွင်းမှုနှင့် ပြန်လည်စိစစ်မှုများ အားနည်းနေသောကြောင့်ဖြစ်ပါသည်ဟုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဝန်ခံပြောကြားထားပြီး ပြန်လည် ပြင်ဆင်ထားသည့် မဲဆန္ဒရှင်စာရင်းကို အောက်တိုဘာလတွင် ဒုတိယအကြိမ် ထပ်မံထုတ်ပြန်ပေးသွားပါမည်ဟု ကြေညာ ခဲ့သည်။[6]

မည်သို့ဆိုစေ ထိုကဲ့သို့အားနည်းချက်များအား ထောက်ပြနေခြင်းမပြုဘဲ လဝကဝန်ထမ်းများသည် ဌာနမှပေးအပ် လာသော လုပ်ငန်းတာဝန်များ ကျေပြွန်စေရန်အတွက် ကွင်းဆင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။ မဲစာရင်းရှိ အခြေအနေနှင့် မြေပြင်အနေအထားကွဲလွဲမှုများကို တွေ့ရှိရပြီးနောက် ၁) မဲစာရင်းတွင် နာမည်ပါခြင်း၊ ၂) အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊ ၃) လှိုင်သာယာအမည်ပေါက် အိမ်ထောင်စုစာရင်း လက်ဝယ်ရှိထားသူဖြစ်ခြင်း၊ ၄) အဆိုပါ အိမ်ထောင်စုစာရင်းတွင်လည်း ကာယကံရှင်၏နာမည် ပါဝင်နေခြင်းဟူသော အခြေခံသတ်မှတ်ချက်လေးချက်နှင့် ပြည့်မီသူ များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဌာန၏ပင်မလုပ်ငန်းများဖြင့် မအားမလပ်သည့်ကြားမှပင် အထူးစီမံချက်များရေးဆွဲကာ တက်သုတ်ရိုက်ဆောင်ရွက်ခဲ့ကြသည်။ ရှေ့ပြေးအဖြစ် အထက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို မြေပြင်တွင်ကွင်းဆင်းစစ်ဆေးပြီးနောက် ရပ်ကွက်အလိုက် နေ့ရက်များသတ်မှတ်ကာ သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များအား ကြိုတင်အကြောင်းကြားပြီး အဖွဲ့လိုက်ကွင်းဆင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ကြသည့်အချိန်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားနေမှုကြောင့် မိမိနေအိမ်အတွင်း၌သာ နေထိုင် ကြရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ (Stay at home) ညွှန်ကြားချက်ထုတ်ပြန်ထားချိန်ဖြစ်ရာ ဝန်ထမ်းများအဖို့ ကျန်းမာရေးအကာအကွယ်ပစ္စည်းများကိုသာအားပြုကာ လုပ်ကိုင်ခဲ့ရသည့် အကျပ်အတည်းကာလပင်ဖြစ်သည်။

---

5 http://www.moiforum.gov.mm/iprd/news/20389

6 (August 16, 2020) စိတ်ပျက်ဖွယ်မဲစာရင်းအမှားများနှင့် ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုအတွက် မည်ကဲ့သို့ တာဝန်ယူတာဝန်ခံမည်နည်း။ ဆန်းမိုးထွန်း - Retrieved October 13, 2020, https://news-eleven.com/article/187453

# Braveheart Foundation မှ အားဖြည့်ပါဝင်ခဲ့မှုများ



Braveheart Foundation အနေဖြင့် နိုင်ငံသားဆိုင်ရာ သက်သေခံ အထောက်အထားများကို နိုင်ငံသားတိုင်း ကိုင်ဆောင်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ်များအား အများပြည်သူသိရှိစေရန် အသိပညာပေးခြင်း၊ လျှောက်ထားသူများကိုလည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်းတို့ကို လှိုင်သာယာမြို့နယ်တွင် စီမံချက်နယ်မြေအဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ လုပ်ငန်းစဉ်များပေါ်ပေါက်လာသည့်အခါတွင်လည်း လဝကဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်းလုပ်အားပေးများအဖြစ် အားဖြည့်ကူပံ့ခဲ့ပါသည်။ အစပိုင်းတွင်မူ လဝက ဝန်ထမ်းများ မြေပြင်ကွင်းဆင်းပြီး လျှောက်လွှာများလက်ခံချိန်တွင်သာ ကူညီဖြစ်ခဲ့ပါသည်။ သို့ရာတွင် လဝကဝန်ထမ်းများအနေဖြင့် ကိုဗစ်ကာလဖြစ်ခြင်း၊ ဌာန၏ပင်မလုပ်ငန်းတာဝန် များပြားခြင်းနှင့် လူအင်အားမလုံလောက်ခြင်းတို့ကြောင့် ရှေ့ပြေးအဖြစ် မဲစာရင်းပါ ကိုင်ဆောင်လက်မှတ်မရှိသူများအား ကွင်းဆင်းစစ်ဆေးခြင်းအတွက် သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များကိုသာ အားထားနေကြရသည့်အလျောက် အချက်အလက်စစ်ဆေးမှုများ မပီပြင်ခဲ့ပေ။ ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့်လည်း ထိုအချိန်က ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေရခြင်း၊ မရှိနွမ်းပါးသူများအား နိုင်ငံတော်မှပံ့ပိုးပေးသည့် ထောက်ပံ့ငွေများထုတ်ပေးခြင်း အစရှိသည့် လုပ်ငန်းစဉ်များဖြင့် မရှုနိုင်မကယ်နိုင်ဖြစ်နေကြသည့်အပြင် အချက်အလက်ကောက်ယူမှုအတွက် လေ့ကျင့်ပေးထားသူများ



မဟုတ်ကြပေ။ အကျိုးဆက်အနေဖြင့် အစောပိုင်းကာလ အချက်အလက်စစ်ဆေးမှု ရလဒ်များတွင် "မြေပြင်တွင်မရှိပါ" ဟူသောမှတ်ချက်များက အများဆုံးဖြစ်နေသည်။ ထို့အပြင် လဝကတိုက်နယ်မှူးများမှ ရပ်ကွက်အတွင်းကွင်းဆင်းပြီး နိုင်ငံသားဆိုင်ရာ သက်သေခံကတ်ပြားလျှောက်ထားမှုများကို လက်ခံပေးခဲ့သော်ငြား လာရောက်လျှောက်ထားကြသူအရေအတွက်မှာ ဆယ်ဂဏန်းမျှသာရှိနေသဖြင့် အချိန်ကုန်လူပန်း ဖြစ်ခဲ့ရသည်။ သက်သေခံကတ်ပြားများကို မိမိနေထိုင်ရာရပ်ကွက်အတွင်း မှာပင် အလွယ်တကူရရှိနိုင်ကြမည့်အခွင့်အလမ်းတစ်ခုအား လက်လွတ်ဆုံးရှုံးကြရတော့မည့်အခြေအနေကို ရိပ်စားမိသဖြင့် Braveheart Foundation အဖွဲ့သားများမှ အင်တိုက်အားတိုက်ပါဝင်ရန် ဆုံးဖြတ်ခဲ့ကြရခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)တွင် ရပ်ကွက်/ကျေးရွာအုပ်စု စုစုပေါင်း (၁၄)ခုရှိသည့်အနက် ပထမ(၅)ခုတွင် အပေါ်ယံမျှသာ ပါဝင်ပေးနိုင်ခဲ့ပြီး လက်ကျန် (၉)ခုအတွက်ကိုမူ လုပ်ငန်းစဉ်အစမှအဆုံးထိ တောက်လျှောက်ပါဝင်ပေးခဲ့ရပါသည်။

ရှေးဦးစွာ ရွေးကောက်ပွဲကော်မရှင်မှပေးပို့လာသည့် ကိုင်ဆောင်လက်မှတ်မရှိကြသည့် မဲဆန္ဒရှင်များစာရင်းကို ရယူပြီးနောက် အဖွဲ့များခွဲ၍ ရှေ့ပြေးစိစစ်မှုများကို တစ်အိမ်တက်တစ်အိမ်ဆင်းဆောင်ရွက်ခဲ့သည်။ ရွေး/ကော်၏ စာရင်းအတိုင်း



ကွင်းဆင်းစစ်ဆေးသည့်အခါ၌မြေပြင်တွင်မရှိသူ၊အသက်မပြည့်သေးသူ၊ ကွယ်လွန်သွားသူ၊ ကြားကာလအတွင်း လျှောက်ထားရယူပြီးဖြစ်သဖြင့် နိုင်ကတ်ကိုင်ဆောင်ထားသူ၊ သာသနာ့ဘောင်ဝင်သွားသူ၊ နိုင်ငံရပ်ခြားရောက်ရှိနေသူ၊ လှိုင်သာယာအမည်ပေါက်အိမ်ထောင်စုစာရင်းမရှိသူ၊ အိမ်ထောင်စုစာရင်းရှိသော်လည်း နာမည်မပါဝင်သေးသူနှင့် နိုင်ငံသားအရည်အချင်းပြည့်မီသူ ဟုတ်/မဟုတ် စိစစ်ရဦးမည့်သူ အစရှိသူတို့အားဖယ်ထုတ်ပြီးသည့်အခါ မူလစာရင်းရှိ (၇၀၁၉)ဦးအနက် နိုင်ကတ်ထုတ်ပေးရန် အရည်အချင်းပြည့်မီသူဦးရေမှာ စုစုပေါင်းမှ (၉၁၈)ဦးသာလျှင် ကျန်ရှိတော့သည်။

ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ရှေ့ပြေးစိစစ်မှုများ လုပ်ဆောင်ရာတွင်လည်း လဝကဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်မည့်အချိန်ဇယားများအတိုင်း တိုက်နယ်မှူးများနှင့်ကြိုတင်ညှိနှိုင်းခဲ့သည်။ ထို့နောက် ကွင်းဆင်းရက်မတိုင်မီ သတ်မှတ်ရပ်ကွက်များအတွင်း အဖွဲ့လိုက်ကွင်းဆင်းစိစစ်ခဲ့ကြပါသည်။ ထိုလုပ်ငန်းစဉ်များကို အချို့နေရာများ၌ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုက်ပါကူညီပေးသည်များရှိသကဲ့သို့ အချို့နေရာများတွင်မူ Braveheart Foundation မှ ဥပဒေအထောက်အကူပြုသူ(Paralegals)များ ကိုယ်တိုင်ကသာ ဆောင်ရွက်ခဲ့ရသည်များလည်းရှိပါသည်။ မည်သို့ဆိုစေ ဥပဒေအထောက်အကူပြုသူများသည် လှိုင်သာယာဒေသခံများဖြစ်သည့်အပြင် လူထုနှင့်ထိတွေ့ဆက်ဆံမှု၊ အချက်အလက်ကောက်ယူမှုနည်းပညာများကို ကျွမ်းကျင်ရုံသာမက ယခင်ကတည်းကပင် ရပ်ကွက်ပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ကြသည့်အလျောက် လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။





ထိုကဲ့သို့ကောက်ယူရရှိခဲ့သူများအနက် လှိုင်သာယာဒေသခံအများစုမှာ ဗမာတိုင်းရင်းသားဖြစ်ကြသည့်အလျောက် ဗမာလူမျိုးအများဆုံးဖြစ်ပြီး ရခိုင်၊ ကရင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားလူမျိုး အနည်းငယ်လည်း ပါဝင်ပါသည်။ ကောက်ယူရရှိခဲ့သူများအနက် အမျိုးသမီးအရေအတွက်မှာ ၆၀ % ပါဝင်နေပါသည်။ အသက်အုပ်စုအနေဖြင့်လည်း ၃၁-၄၅ နှင့် ၄၆-၆၀ အုပ်စုနှစ်ခုပေါင်း ၄၉.၅ % ရှိပြီး သက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လေ့လာကြည့်ရာတွင် ဈေးရောင်းသူ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ၊ စက်ရုံအလုပ်သမားများနှင့် အသက်အရွယ်ကြီးရင့်သူမှီခိုများမှာ အရေအတွက်အများဆုံးဖြစ်သည်။

ဤကဲ့သို့ ရှေ့ပြေးစိစစ်ရာတွင် အချက်အလက်ကောက်ယူရုံသက်သက်သာ မဟုတ်ပါ။ လဝကဝန်ထမ်းများမှ ကွင်းဆင်းလက်ခံပေးသည့်တိုင် လာရောက်လျှောက်ထားသူနည်းပါးတတ်ကြောင်းကို ယခင်ရပ်ကွက်များတွင် မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ သို့ဖြစ်၍ ယခုအကြိမ်တွင်မူ ကာယကံရှင်များအား တစ်အိမ်တက်ဆင်းလိုက်လံဖော်ထုတ်ပြီးနောက် သက်သေခံကတ်ပြားတစ်ခု၏ အရေးပါပုံကို သဘောပေါက်နားလည်လာစေရန် အချိန်ယူပြီးရှင်းပြပေးသည်။ ကာယကံရှင်လက်ဝယ်ရှိ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုပြီး အမှတ်တွဲများအဖြစ်စီပေးသည်။ အခြားလိုအပ်သော အထောက်အထားများစာရင်းကိုလည်း ကြိုတင်ပြင်ဆင်ထားနိုင်ရန် တစ်ဦးချင်းအား ဝေငှပေးသည်။



လိုအပ်ပါက ဆက်သွယ်မေးမြန်းနိုင်ရန် မိမိတို့၏တယ်လီဖုန်းနံပါတ်များကို ပေးထားခဲ့သည့်အပြင် ကာယကံရှင်များထံမှ ဆက်သွယ်ရရှိနိုင်မည့်ဖုန်းနံပါတ်များကိုလည်း တောင်းယူမှတ်သားခဲ့ကြပါသည်။ လျှောက်ထားမှုများကို လဝက တိုက်နယ်မှူးများမှ ကွင်းဆင်းလက်ခံပေးမည့် နေ့ရက်၊ အချိန်နှင့် စုရပ်တို့ကို အတိအကျ သိရသည့်အခါ ကာယကံရှင်တစ်ဦးချင်းထံသို့ တစ်ရက်ကြိုတင်၍ ဖုန်းဆက်အကြောင်းကြားပေးခဲ့သည်။ တိုက်နယ်မှူးများ ကွင်းဆင်းသည့်အခါတွင်လည်း အမှတ်တွဲများဖြည့်သွင်းခြင်း၊ လက်ဗွေရယူခြင်း၊ အရပ်တိုင်းခြင်းတို့ကို အားဖြည့်ကူညီပေးနိုင်ရန်အတွက် ဥပဒေအထောက်အကူပြုသူများ ထပ်မံလိုက်ပါပေးရပြန်ပါသည်။ ဤကဲ့သို့ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် စနစ်တကျ ကြိုတင်ပြင်ဆင်ပေးထားသော်ငြား လက်တွေ့ကွင်းဆင်းသည့်အခါတွင်မူ ရရှိခဲ့သည့်ရလဒ်များကမူ အောက်ပါအတိုင်းဖြစ်သည်။



| ရပ်ကွက်/ ကျေးရွာအုပ်စု | ရွေး/ကော်၏ စာရင်းရှိ | လျှောက်ထားရန် အရည်အချင်း ပြည့်မီ | ကွင်းဆင်းတွင် နိုင်(၂)ဖြည့်သွင်းနိုင်ခဲ့ | လာရောက် မလျှောက်ထားသူ | အခြား (အထောက် အထား မစုံလင်) |
|---|---|---|---|---|---|
| (၁) ရပ်ကွက် | ၁၉၉၃ | ၂၄၃ | ၁၀၅ | ၁၃၈ | - |
| (၃) ရပ်ကွက် | ၇၁၉ | ၇၄ | ၂၉ | ၄၅ | - |
| (၅) ရပ်ကွက် | ၄၉၂ | ၂၁ | ၈ | ၁၃ | - |
| (၆) ရပ်ကွက် | ၃၅၁ | ၆၇ | ၄၂ | ၂၅ | |
| (၇) ရပ်ကွက် | ၁၃၈၇ | ၁၆၁ | ၈၃ | ၇၈ | |
| (၁၅) ရပ်ကွက် | ၈၅၅ | ၁၂၂ | ၂၀ | ၆၈ | ၃၄ |
| ရွှေလင်ပန်း | ၆၈၆ | ၁၆၈ | ၆၁ | ၄၁ | ၆၆ |
| ရှမ်းချောင်း | ၃၆၇ | ၄၆ | ၃၃ | ၁၃ | |
| ရေဥက္ကံ | ၁၆၉ | ၁၆ | ၄ | ၁၂ | |
| စုစုပေါင်း | ၇၀၁၉ | ၉၁၈ | ၃၈၅ | ၄၃၃ | ၁၀၀ |



လဂကမှ ကွင်းဆင်းဆောင်ရွက်ပေးသည့်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားရန် အရည်အချင်းပြည့်မီသူစုစုပေါင်း ၉၁၈ ဦးရှိသော်လည်း ၄၂% ဖြစ်သော ၃၈၅ ဦးသာလျှင် လာရောက်လျှောက်ထားခဲ့ကြသည်ကို အံ့အားသင့်ဖွယ် တွေ့ရှိခဲ့ရသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရခြင်းမရခြင်းကို ထားဘိဦး၊ ယခု ကဲ့သို့ ကိုဗစ်ကပ်ရောဂါဆိုး ကျရောက်နေချိန်မျိုးတွင် အလုပ်အကိုင်အခွင့်အလမ်း အတွက်ကိုဖြစ်စေ၊ ခရီးသွားလာရေးအတွက်ကိုဖြစ်စေ၊ ယုတ်စွအဆုံး နိုင်ငံတော်အစိုးရမှဖြည့်ဆည်းပေးနေသည့် ထောက်ပံ့ ကြေးများကို အလွယ်တကူလက်ခံရယူနိုင်ရေးအတွက်ကိုဖြစ်စေ သက်သေခံကတ်ပြားတစ်ခု၏အရေးပါပုံကို နားမလည် ကြခြင်းလား သို့မဟုတ် မည်သို့သောအကြောင်းတရားများ ရှိနေသည်ကို စေ့စုကြည့်ဖို့လိုအပ်လာပါသည်။ ထို့ကြောင့်လည်း မိမိနေထိုင်ရာရပ်ကွက်အတွင်း ကွင်းဆင်းပြုလုပ်ပေးသည့်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားကိုင်ဆောင် ကြရန် ပျက်ကွက်ခဲ့ရခြင်း၏ နောက်ကွယ်မှအခြေအနေများကိုသိရှိရန်၊ ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကို ဖော်ထုတ် ရှာဖွေနိုင်ရန်နှင့် သုံးသပ်တွေ့ရှိချက်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ပြန်လည်တင်ပြနိုင်ရေးတို့အတွက် ဤသုတေသနစာတမ်းအား Braveheart Foundation မှ ပြုစုခဲ့ရခြင်းဖြစ်ပါသည်။ လှိုင်သာယာမြို့နယ် (အနောက်ပိုင်း) ၌လည်း အလားတူလုပ်ငန်းစဉ်များ ကူညီဖြည့်ဆည်းပေးခဲ့သော်ငြား ဤအစီရင်ခံစာကိုမူ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း) အတွက်ကိုသာ ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါသည်။







# အသုံးပြုဆောင်ရွက်ခဲ့သည့်နည်းလမ်းများ

လဝကဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရန် ရပ်ကွက်အတွင်းကွင်းဆင်း၍ ဆောင်ရွက်ပေးသည့်တိုင် လာရောက်လျှောက်ထားရန်ပျက်ကွက်သူပေါင်းမှာ ၄၃၃ ဦး (၅၈ ရာခိုင်နှုန်း)ပင်ရှိနေရာ မည်သည့်အကြောင်းများကြောင့် ထိုသို့ပျက်ကွက်ရသည်ကို လေ့လာဖော်ထုတ်နိုင်ရေးအတွက် အရေအတွက်အခြေပြု (Quantitative) သုတေသနပြုလုပ်လိုသော်လည်း စစ်တမ်းတစ်ခုအသွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရေးမှာ ကိုဗစ်ကာလအတွင်းမို့ မဖြစ်နိုင်သောကြောင့် အရည်အသွေးအခြေပြု (Qualitative) ချဉ်းကပ်မှုကိုသာရွေးချယ်ခဲ့ပါသည်။ အဓိကသတင်းပေးများအား ဦးတည်တွေ့ဆုံ၍ ဆွေးနွေးမေးမြန်းခြင်း (Key Informant Interview) ပြုလုပ်ရန်မှာလည်း ကန့်သတ်ချက်များရှိနေသဖြင့် ဦးတည်အုပ်စုအလိုက် ဆွေးနွေးခြင်း (Focus Group Discussion) နည်းလမ်းကိုသာ ရွေးချယ်အသုံးပြုခဲ့ကြပါသည်။



ဆွေးနွေးပွဲများ မပြုလုပ်မီ ဥပဒေအထောက်အကူပြုသူများ အနေဖြင့် ကွင်းဆင်းလုပ်ငန်းများတွင် အချက်အလက်များ ရှေ့ပြေးကောက်ယူစိစစ်ခြင်း၊ ကာယကံရှင်များနှင့်တွေ့ဆုံ၍ ရှင်းပြပညာပေးခြင်း၊ လျှောက်ထားမှုများအား စိစစ်လက်ခံရာတွင်လည်း ပံ့ပိုးကူညီပေးခြင်း စသည့်အတွေ့အကြုံများအပေါ်အခြေခံကာ မေးခွန်းများ ကြိုတင်ပြင်ဆင်ခဲ့ပါသည်။ ဆွေးနွေးမှုများပိုမိုပြင်စေရန်နှင့် လူမှုအလွှာအသီးသီးမှ ခံစားချက်များကို ကိုယ်စားပြုနိုင်စေရန်အတွက် ဆွေးနွေးပွဲတွင် ပါဝင်သင့်သူများကို အဖွဲ့အတွင်းဆွေးနွေး၍ စိစစ်ထုတ်ခဲ့ကြသည်။ အုပ်စုအမျိုးမျိုးအား ကိုယ်စားပြုမှု အားကောင်းစေရေးကို ရည်ရွယ်၍ ရပ်ကွက်(၄)ခုနှင့် ကျေးရွာအုပ်စု(၂)ခုတို့မှ အလုပ်အကိုင်၊ အသက်အရွယ်၊ အမျိုးသား-အမျိုးသမီး စသည်ဖြင့် နောက်ခံအခြေအနေမတူညီကြသူပေါင်း (၂၅)ဦးခန့်ကို ပဏာမ စိစစ်ရွေးချယ်ခဲ့ကြသည်။ သို့ရာတွင် ကိုဗစ်ကာလဖြစ်ခြင်း၊ နေရာထိုင်ခင်းစီစဉ်ထားရှိနိုင်မှု စသည့်အချက်များအား ထည့်သွင်းစဉ်းစားပြီးနောက် (၁၄) ဦးကိုသာ ဆန်ခါတင်အဖြစ် ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ရွေးချယ်ထားသူတစ်ဦးချင်းစီအား တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ဆွေးနွေးပွဲတွင်ပါဝင်လိုခြင်း ရှိ/မရှိကိုမေးမြန်းပြီး ကာယကံရှင်များထံမှ သဘောထားတောင်းခံခဲ့ပါသည်။







ကာယကံရှင်များကလည်း ၎င်းတို့၏ခံစားချက်များကို ထုတ်ဖော်ပြောဆိုပြီး ဆွေးနွေးပွဲစကားဝိုင်းတွင် ပူးပေါင်းပါဝင်ကြရန် ဆန္ဒပြုလာကြသည့်အလျောက် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ဦးတည်အုပ်စုအလိုက်ဆွေးနွေးမှုကို ပြုလုပ်ခဲ့ပါသည်။ ပါဝင်သူများသက်သက်ကပင် (၁၄)ဦးဖြစ်နေခြင်းကြောင့် ဆွေးနွေးပွဲစကားဝိုင်းကို နှစ်ကြိမ်ခွဲပြီးပြုလုပ်ခဲ့ရသည်။ ဆွေးနွေးပွဲမစတင်မီတွင် ဓါတ်ပုံရိုက်ကူးခြင်း၊ အသံဖမ်းယူခြင်းနှင့် ပြောကြားသည့်အကြောင်းအရာများအား အသုံးပြုခွင့်တို့အတွက် ကာယကံရှင်များထံမှ သဘောတူခွင့်ပြုချက်များကို ကြိုတင်တောင်းခံပြီးနောက် ဆွေးနွေးမှုများကို စတင်ခဲ့ပါသည်။

# ဆွေးနွေးပွဲတွင် ပါဝင်သူများ၏ နောက်ခံအခြေအနေ




နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ထားရန် ပျက်ကွက်ခဲ့ရခြင်း၏ နောက်ကွယ်မှ အကြောင်းတရားများကိုဖော်ထုတ်ရာတွင် ပီပြင်စေရန်အတွက် သက်မွေးဝမ်းကျောင်း မတူညီသူများကို စိစစ်ရွေးချယ်ခဲ့သည်။ ပါဝင်လိုကြသူ အများအပြားရှိနေသော်လည်း စကားဝိုင်း၏အရည်အသွေး ခိုင်မာအားကောင်းစေရေးအတွက် စုစုပေါင်း (၁၄) ဦး ကိုသာ ဖိတ်ခေါ်ခဲ့ပြီး နံနက်ပိုင်းတွင် (၆)ဦးဖြင့်လည်းကောင်း၊ နေ့လည်ပိုင်းတွင် (၈)ဦး ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ စုစုပေါင်း (၁၄)ဦးတွင် မိုနီ (၅)ဦး၊ ကျပန်း အလုပ်သမား (၂)ဦး၊ ဈေးရောင်းသူ (၂)ဦး၊ စက်ရုံလုပ်သား (၁)ဦး၊ ဆိုင်ကယ် ကယ်ရီ ဆွဲသူ (၁)ဦး၊ ကျောင်းသား (၁)ဦး၊ ကျူရှင်ဆရာမ (၁)ဦးနှင့် အလုပ်လက်မဲ့ (၁)ဦးတို့ ပါဝင်ပါသည်။

ကွင်းဆင်းတွင် လာရောက်မပျောက်ထားရသည့် အခြေအနေအမျိုးမျိုးအား ထင်ဟပ် စေရန်နှင့် ဆွေးနွေးပွဲတွင်ပါဝင်ပေးနိုင်မှုအနေအထားတို့အရ အသက်အရွယ်အတွက် ကိုမူ ကန့်သတ်မထားခဲ့ပေ။ ထို့ကြောင့် ဆွေးနွေးသူများတွင် အသက်အုပ်စု (၁၈-၃၀) (၉)ဦး၊ အသက်အုပ်စု (၃၁-၄၅) (၂)ဦးနှင့် အသက်အုပ်စု (၄၆-၆၀) (၃)ဦး ပါဝင်ခဲ့ကြ ပါသည်။ သို့မှသာ လူကြီးနှင့်လူငယ်တို့အကြား မတူညီသည့်စိတ်ခံစားချက်များကို ခြုံငုံမိနိုင်မည်ဖြစ်သည်။







ဦးတည်အုပ်စု ဆွေးနွေးသူအရေအတွက်စုစုပေါင်းအနက် အမျိုးသမီးအရေအတွက်မှာ ၅၇% ဖြစ်ပြီး အမျိုးသားအရေအတွက်မှာ ၄၃% ဖြစ်ပါသည်။ ကွင်းဆင်းလုပ်ငန်းစဉ်တွင် လာရောက်ပျောက်ထားခြင်းမရှိသူများအား အုပ်စုဖွဲ့ဆွေးနွေးရာ၌ လူဦးရေ သတ်မှတ် သည့်အခါတွင်လည်း ကျား/မ အချိုးအစား ကွာဟမှုနည်းပါးစေရန် ယခုကဲ့သို့ စီစဉ်ခဲ့ ရခြင်း ဖြစ်ပါသည်။

ထို့အပြင် လူမှုရေးအခြေအနေနှင့်ပတ်သက်သည့် အကြောင်းအရာများ ကိုလည်း ရှုထောင့်စုံမှထင်ဟပ်နိုင်စေရန်အတွက် ပါဝင်ဆွေးနွေးသူများတွင် အိမ်ထောင်ရှိသူနှင့် အိမ်ထောင်မရှိသူတို့ အချိုးအစားတူညီအောင် ရွေးချယ် ခဲ့ပါသည်။ ဆွေးနွေးမှုတွင် အိမ်ထောင်ရှိသူ ၅၀% နှင့် အိမ်ထောင်မရှိသူ ၅၀% အချိုးကျပါဝင်ခဲ့ပါသည်။



# လဝကကွင်းဆင်းခြင်းနှင့် ပတ်သက်ပြီး သိရှိမှုအခြေအနေ




လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပေးပို့လာသောမဲစာရင်းတွင် နာမည်ပါသော်လည်း ကိုင်ဆောင်လက်မှတ်မရှိသူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အား ဇူလိုင်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ကွင်းဆင်းဆောင်ရွက်မည့် နေ့ရက်နှင့်အချိန်တို့ကို သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ထံသို့ ကြိုတင်အသိပေးထားပြီး စုရပ်ကိုမူ ရပ်/ကျေးအဖွဲ့ဝင်များက ရွေးချယ်ပေးကြပါသည်။ လဝကဌာနမှ နိုင်ကတ်လျှောက်ထားမှုများကို ကွင်းဆင်းပြုလုပ်ပေးမည့်အကြောင်းကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုထဲတွင် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များက အသံချဲ့စက်ဖြင့် လိုက်လံကြေငြာပေးကြသကဲ့သို့ အချို့ရပ်ကွက်များတွင်မူ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှတစ်ဆင့် အသိပေးကြခြင်းမျိုးကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထို့အတူပင် လက်ကျန် ရပ်ကွက်/ကျေးရွာအုပ်စု (၉)ခုတွင်မူ Braveheart Foundation အဖွဲ့မှ ဥပဒေအထောက် အကူပြုသူများကိုယ်တိုင် အဖွဲ့များဖွဲ့၍ တစ်အိမ်တက်ဆင်းအသိပေးခဲ့ကြပါသေးသည်။ မည်သို့ဆိုစေ လဝကဌာနမှ ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးမည့်အစီအစဉ်များအား ကြားသိထားခြင်းရှိ/မရှိကို ဆွေးနွေးပွဲတွင် ပါဝင်သူများအား မေးမြန်းကြည့်ရာ (၉)ဦးမှ သိရှိပါကြောင်းဖြေကြားကြပြီး ကျန်(၅)ဦးကမူ မသိပါဟုဆိုသည်။ သိရှိကြောင်း ဖြေကြားခဲ့ကြသူ အများစုမှာ မှီခို၊ ကျပန်းလုပ်ကိုင်သူနှင့် စက်ရုံလုပ်သားများဖြစ်ကြသည်။

ကွင်းဆင်းပြုလုပ်ပေးမည့်သတင်းကို သိရှိရမှုအခြေအနေအား ဆက်လက်မေးမြန်းခဲ့ရာတွင် မိသားစုဝင်များမှ တစ်ဆင့် သိရှိခဲ့ရသူ (၆)ဦးရှိပြီး Braveheart Foundation အဖွဲ့မှ အိမ်တိုင်ရာရောက်ပြောကြားပေးချက်အရ သိရှိသူ (၂) ဦးနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များမှတစ်ဆင့် ကြားသိရသူမှာ (၁)ဦးသာရှိပါသည်။




လဝက၏ ကွင်းဆင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားရမည့်ကာယကံရှင် ကိုယ်တိုင်မှ တိုက်ရိုက်သိရှိသူများရှိသကဲ့သို့ တစ်ဆင့်စကားဖြင့် အထူးသဖြင့် မိသားစုဝင်များမှတစ်ဆင့်သိခဲ့ရသူများလည်း ရှိနေပါသည်။ တစ်ဆင့်စကားဖြင့်သာ ကြားသိခဲ့ရခြင်းဖြစ်သောကြောင့် ပြန်ပြောပြသည့်အချက်အလက်များတွင် လစ်ဟာမှုများ ရှိနေနိုင်ပါသည်။ "*မိသားစုထဲကပြန်ပြောပြလို့သာ သိခဲ့ရတယ်ဆိုပေမယ့် ပြန်စုံစမ်းကြည့်တော့ ကွင်းဆင်းလုပ်ငန်းတွေက ပြီးသွားတာ နှစ်ရက်သုံးရက်တောင်ရှိနေပြီ*" ဟု ပါဝင်ဆွေးနွေးသူတစ်ဦးက ဖွင့်ဟသွားခဲ့သည်။

ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ သတင်းပေးပြောကြားချက်အရ ကွင်းဆင်းလုပ်ငန်းစဉ်အကြောင်း သိရှိခဲ့ရသူတစ်ဦးကလည်း "*ရပ်ကွက်အုပ်ချုပ်ရေးမှူးက ရပ်ကွက်မှော်ရုံမှာ လဝကအဖွဲ့ကနေ မှတ်ပုံတင်လာလုပ်ပေးလိမ့်မယ်လို့ အိမ်အထိလာပြောသွားပါတယ်*"ဟု တက်ရောက်သူတစ်ဦးမှ ဖြေကြားခဲ့သည်။ "*အိမ်ကအစ်မက တစ်ဆင့်ပြန်ပြောပြလို့ သိရတာပါ။ ကျွန်မရဲ့ အထစ(အိမ်ထောင်စုစာရင်း)က လှိုင်သာယာဆိုပေမယ့် ကျွန်မက အခုလောလောဆည်တော့ တာမွေမှာနေနေတာပါ*" ဟု တက်ရောက်သူတစ်ဦးမှလည်း ကွင်းဆင်းခြင်းလုပ်ငန်းစဉ်အကြောင်း သိရှိရပုံကို ဖြေကြားသွားခဲ့သည်။



ထို့ပြင် ဦးတည်အုပ်စုဝင်များ၏ဖြေကြားချက်များအရ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ တိုက်ရိုက်သတင်းပေးပြောကြားမှုကိုရရှိသူ အလွန်နည်းပါးနေပါသည်။ လဝကဌာနမှ ကွင်းဆင်းဆောင်ရွက်မှုမပြုလုပ်မီ ရပ်ကွက်နေပြည်သူတို့အား ကြိုတင်အသိပေးနိုင်ရေး၊ ပြင်ဆင်ထားသည့်စာရွက်စာတမ်းများအတွက် တိုက်တွန်းလှုံ့ဆော်ပေးခြင်း၊ ကွင်းဆင်းလာသည့်အခါတွင်လည်း စုရပ်နေရာပြင်ဆင်ပေးခြင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးပိုင်းမှ ထုတ်ပေးရမည့် ထောက်ခံစာများအတွက် အသင့်ပြင်ဆင်ပေးခြင်း စသည့်လုပ်ငန်းစဉ်အစမှအဆုံးထိတွင် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးလှပေသည်။ သို့ရာတွင်လည်း ထိုအချိန်က ရွေးကောက်ပွဲအတွက်ပြင်ဆင်နေရခြင်း၊ နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးလျက်ရှိသည့် ထောက်ပံ့ကြေးများအား ရပ်ကွက်နေပြည်သူများအား စနစ်တကျထုတ်ပေးနိုင်ရေးအတွက် လုံးပန်းနေရခြင်းတို့ဖြင့် တာဝန်ပိနေကြသည်မို့ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များအားလည်း အပြစ်မဆိုသာပေ။ Braveheart Foundation အဖွဲ့နှင့် ရှေ့ပြေးကွင်းဆင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပေးခဲ့သည့် ရာအိမ်မှူးတစ်ဦးကမူ "*ကျုပ်တို့က ရပ်ရေးရွာရေးအတွက် စေတနာ့ဝန်ထမ်းအနေနဲ့ လုပ်အားပေးနေကြတာပါ။ ရပ်ကွက်အုပ်ချုပ်ရေးကိစ္စတွေလုပ်ရတာ၊ လုံခြုံရေးလှည့်ရတာတွေ လုပ်နေရချိန်မျိုးမှာ မပင်ပန်းပေမယ့် ဒီလိုမျိုးစာရင်းဇယားကိစ္စတွေကြတော့ ကိုယ်ကလည်း မကျွမ်းကျင်ဘူးလေ။ ပြန်ပြင်ပါဦး၊ ပြန်ပြင်ပါဦးနဲ့ နိုင်းလိုက်တာလည်း ခဏခဏပါပဲ။ စိတ်လည်းညစ်ပါရဲ့*" ဟု ကွင်းဆင်းလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့စဉ်က ဖွင့်ဟညည်းညူသွားခဲ့ဖူးသည်။

ရပ်ကွက်အတွင်း ရှေ့ပြေးကွင်းဆင်းလုပ်ငန်းများ အတူဆောင်ရွက်ခဲ့စဉ်က သတိထားမိသည့်အချက်အချို့လည်း ရှိနေပါသည်။ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များအနေဖြင့် လဝကမှ ကွင်းဆင်းလုပ်ငန်းလာရောက်ဆောင်ရွက်ပေးမည့် အကြောင်းကို ရပ်ကွက်နေပြည်သူများအား ကြော်ငြာပေးသည်ဆိုသော်ငြား ကွင်းဆင်းမလာရောက်မီ ပြင်ဆင်ထားရမည့် အရာများအတွက် တိုက်တွန်းလှုံ့ဆော်ခြင်း၊ သက်သေခံကတ်ပြားများ၏ အရေးပါပုံကို ပညာပေးခြင်းတို့ မပြုလုပ်နိုင်ခဲ့ပေ။ ထို့အပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်တို့အကြား ချိတ်ဆက်ညှိနှိုင်းမှုများသည်လည်း အတန်ပင်အားနည်းခဲ့သည်ဟု သုံးသပ်ရပါမည်။ ထို့ကြောင့်လည်း လုပ်ငန်းအပြောက်အပြားကို အချိန်တိုအတွင်း တက်သုတ်ရိုက်လုပ်ဆောင်ရသည့်ကြားမှ အကြိမ်ကြိမ်ပြန်လည်ပြင်ဆင်ရသည်များ ရှိခဲ့ရခြင်းဖြစ်သည်။

# ကွင်းဆင်းမည့်သတင်းကို မသိရှိရခြင်း အကြောင်းရင်း

ကွင်းဆင်းခြင်းကို မသိရှိခဲ့သူ (၅)ဦးတွင် မသိရှိရသည့်အကြောင်းရင်း (၄)မျိုး ရှိနေပါသည်။ (၂)ဦးမှာ စိတ်ဝင်စားမှု မရှိသောကြောင့်ဟု ပွင့်ပွင့်လင်းလင်းဖြေဆိုထားပါသည်။ တစ်ဦးကမူ ယခင်က လျှောက်ထားမှုလုပ်ဆောင်ခဲ့သော်လည်း ရရှိရန်ခက်ခဲနေသော အထောက်အထားစာရွက်စာတမ်းများ လိုအပ်နေခြင်းကြောင့် နောက်တစ်ကြိမ်ထပ်မံဆောင်ရွက်ရန် စိတ်မပါတော့ခြင်းဖြစ်ပြီး အခြားတစ်ဦးကမူ *"ကိုယ့်အတွက် နိုင်ငံသားအထောက်အထား ရှိခြင်း/မရှိခြင်းက ဘာမှလည်း ထူးခြားလာမှာမှမဟုတ်တာ"* ဟု ပြောသည်။ ကျန် (၃)ဦးမှာမူ ဈေးရောင်းနေရခြင်း၊ အလုပ်သွားနေရခြင်းနှင့် ခရီးလွန်နေသောကြောင့် မသိခဲ့ရခြင်းဖြစ်သည်ဟု ဖြေဆိုသွားခဲ့သည်။




# လာရောက်မလျှောက်ထားရသည့် အကြောင်းအရင်း

လဝကဌာနမှ ရပ်ကွက်အတွင်းကွင်းဆင်း၍ လျှောက်ထားမှုများလာရောက်ကောက်ခံခြင်းမပြုမီ Braveheart Foundation မှ ဥပဒေအထောက်အကူပြုသူများသည် ကာယကံရှင်များ ကြိုတင်ပြင်ဆင်ထားနိုင်ရန်အတွက် ဖုန်းဖြင့် ဆက်သွယ်၍ အကြောင်းကြားပေးခြင်း သို့မဟုတ် ဖုန်းအဆက်အသွယ်မရရှိခဲ့ပါက အိမ်တိုင်ရာရောက် တိုက်တွန်းနိုးဆော် ပေးခြင်းများ ထပ်မံဆောင်ရွက်ခဲ့ပါသေးသည်။ သို့ရာတွင် လာရောက်လျှောက်ထားသူဦးရေမှာ လျှောက်ထားရန် အရည်အချင်းပြည့်မီသူစုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ထို့ကြောင့် လာရောက်မလျှောက်ထားရသည့်အခက်အခဲများနှင့် အဓိကအကြောင်းအရင်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ မလျှောက်ထားဖြစ်ကြသူအများစုမှာ ခရီးသွားနေကြ၍ ဖြစ်ပြီး စုစုပေါင်း (၄)ဦးရှိနေပါသည်။ အထောက်အထားမပြည့်စုံဟုယူဆကာ လာရောက်လျှောက်ထားမှု မပြုလုပ်ကြသူ (၃) ဦး၊ လျှောက်ထားမှုလုပ်ငန်းစဉ်အား နားမလည်သူ (၂)ဦး၊ ကျန်းမာရေးမကောင်းသူ (၂)ဦး အသီးသီးရှိနေပါသည်။ ထို့ပြင် ဝမ်းရေးအတွက် ဈေးရောင်းနေရသူ (၁)ဦး၊ စိတ်ဝင်စားမှုမရှိသူ (၁)ဦးနှင့် အလုပ်မှခွင့်မရသူ (၁)ဦး စသည်ဖြင့် တွေ့ရှိခဲ့ရပါသည်။



ဤသည်ကိုကြည့်ခြင်းအားဖြင့် အများစုမှာ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားမှုလုပ်ငန်းစဉ်များကို နားလည်သိရှိမှု အားနည်းနေသကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်၏အရေးပါပုံ၊ ရရှိလာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း မသိရှိကြသေးကြောင်း တွေ့မြင်နိုင်ပါသည်။

## ခရီးလွန်နေလို့ပါ



ခရီးလွန်နေခြင်းကြောင့် ကွင်းဆင်းတွင် လာရောက်မလျှောက်ထားဖြစ်သူ (၄)ဦးရှိနေပြီး အရေအတွက် အများဆုံး ဖြစ်ပါသည်။ ကျပန်းလုပ်သားတစ်ဦးမှာ ယခင်က ၎င်းကိုယ်တိုင် လဝကရုံးသို့ သွားရောက်လျှောက်ထားခဲ့ဖူးသော်လည်း အထောက်အထားများစွာ တောင်းခံခြင်း၊ အကြိမ်ကြိမ်သွားရောက်ခဲ့ရခြင်းများကြောင့် စိတ်မပါတော့ဘဲ ယခုအကြိမ်တွင်လည်း ဤသို့ထပ်ဖြစ်ဦးမည်ဟုယူဆကာ လျှောက်ထားမှုအတွက် အချိန်မပေးတော့ဘဲ နယ်မြို့တစ်ခုသို့ အလုပ်ဖြင့် ခရီးထွက်သွားခဲ့ခြင်းဖြစ်သည်ဟု ဆို၏။ မိခိုတစ်ဦးကမူ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားရန် စိတ်ဝင်စားသော်လည်း ကွင်းဆင်းလာရောက်သည့်နေ့က နေအိမ်တွင် လူရှိမနေခြင်းနှင့် မဖြစ်မနေခရီးသွားရမည့်ကိစ္စတစ်ခုပေါ်လာသဖြင့် မလျှောက်ဖြစ်ခဲ့ကြောင်း ပြောပြပါသည်။ အခြားမိခိုတစ်ဦးကလည်း လဝကကွင်းဆင်းသည့်နေ့တွင် မိသားစုကိစ္စဖြင့် ရုတ်တရက် ခရီးထွက်ခဲ့ရသောကြောင့်ဟုပြောကြားခဲ့ပါသည်။ ဆိုင်ကယ်ကယ်ရီဆွဲသူကမူ "*ကျွန်တော်က နယ်ဘက်မှာ ဆိုင်ကယ် ကယ်ရီဆွဲနေရတာပါ။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝတွေပါဗျာ။ သားသမီးတွေနဲ့ ဝမ်းရေးကလည်းရှိနေသေးတော့ ဝင်ငွေပြတ်သွားလို့မဖြစ်ဘူးလေ*" ဟုဆိုကာ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားရန်အတွက် အချိန်မပေးနိုင်ခဲ့ပုံကို ရင်ဖွင့်သွားခဲ့သည်။ မည်သို့ဆိုစေ ခရီးလွန်နေလို့ပါဟု အကြောင်းအမျိုးမျိုးပြခဲ့ကြသော်လည်း ထိုသူများသည် ခရီးမှပြန်ရောက်လာချိန်တွင်လည်း သက်သေခံကတ်ပြားလျှောက်ထားမှုအတွက် လဝကရုံးသို့ သွားရောက်စုံစမ်းခြင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ ယုတ်စွအဆုံး အိမ်နီးချင်းများအား မေးမြန်းခဲ့ကြခြင်းလည်းမရှိကြောင်း ဝန်ခံခဲ့ကြသည်။

## အထောက်အထားမပြည့်စုံဘူးလေ

အထောက်အထားမပြည့်စုံခြင်းကလည်း ဒုတိယအများဆုံး အကြောင်းပြချက်ဖြစ်ပြီး မလျှောက်ထားနိုင်ခဲ့သူပေါင်း (၃)ဦးရှိနေပါသည်။ ရရှိရန်ခက်ခဲနေသော အထောက်အထားစာရွက်စာတမ်းများ လိုအပ်နေခြင်းကြောင့် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအတွက် စိတ်ပျက်အားလျော့လိုက်ကြခြင်းဖြစ်သည်။ ယင်းတို့ကြုံတွေ့နေရသော အဓိကစိန်ခေါ်မှုမှာ မွေးဖွားရာဇာတိသို့ အထောက်အထားပြန်ယူပေးရန် မလွယ်ကူခြင်း၊ မိဘများမှာလည်း အတူပေါင်းသင်းနေထိုင်မှု မရှိတော့သောကြောင့် မိဘတစ်ပါးပါး၏အထောက်အထားများရရှိရန် ခက်ခဲနေခြင်း၊ ကျောင်းထောက်ခံစာနှင့် မွေးစာရင်းတို့ မရရှိနိုင်တော့ခြင်း၊ မိဘများကွယ်လွန်သွားပြီမို့ အထောက်အထားများမကျန်ရစ်ခဲ့ခြင်း၊ မရရှိနိုင်ခြင်း၊ ဆွေမျိုးများ၏ စောင့်ရှောက်အုပ်ထိန်းမှုအောက်တွင်သာနေထိုင်နေရသဖြင့် မွေးစာရင်း၊ အိမ်ထောင်စုစာရင်း ရှိမနေခြင်း၊ ဆွေမျိုးသားချင်းများနှင့် ညီအစ်ကိုမောင်နှမများ၏အထောက်အထားများ မျိုးရိုးဆိုင်ရာအချက်အလက်များ ရရှိနိုင်ရန်ခက်ခဲနေခြင်း စသည်တို့ဖြစ်ပါသည်။

လဝကအနေဖြင့်လည်း ထိုကဲ့သို့သော မွေးရာပါနိုင်ငံသားများအတွက် လိုအပ်ချက်ဖြေလျှော့ပေးမှုများအဖြစ် ငါးဦးကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပေးမှုမျိုး ရှိနေသော်လည်း ရပ်ရွာလူထုအနေဖြင့် ထိုအချက်များအား မသိရှိ

ထားခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအကြောင်းကိုလည်း မသိကြခြင်းတို့ကြောင့် ကြားပွဲစားများထံသို့ အပ်နှံကြခြင်း သို့မဟုတ် ဆက်လက်လျှောက်ထားရန် လက်လျှော့လိုက်ခြင်းတို့ကို အမြဲလိုလိုမြင်တွေ့နေရပါသည်။



ထို့ကြောင့် လဝကမှ ရပ်ကွက်/ကျေးရွာအထိကွင်းဆင်းဆောင်ရွက်မှုများတွင် မည်သည့် အထောက်အထားစာရွက်စာတမ်းများအတွက် ဖြေလျှော့မှုများဆောင်ရွက်ပေးမည်ကို ပွင့်လင်းမြင်သာစွာအကြောင်းကြားခြင်းနှင့် လက်ဝယ်ရှိ အထောက်အထားများဖြင့်ဆိုပါက ဆက်လက်လျှောက်ထားနိုင်မှုအခြေအနေများကို ဆွေးနွေးပေးမည် သို့မဟုတ် တစ်ပါတည်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက အထောက်အထားပြည့်စုံမှုမရှိသူများအတွက် ရှေ့လုပ်ငန်းစဉ်များဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်လင့်ချက်ရှိလာပြီး တက်ကြွစွာပါဝင်လျှောက်ထားလာနိုင်ကြမည်ဖြစ်သည်။ ကွင်းဆင်းဆောင်ရွက်ပေးကြသည့် လဝက တိုက်နယ်မှူးများသည် ထိုကဲ့သို့မေးမြန်းလာမှုများကို စိတ်ရှည်လက်ရှည်ပြန်လည်ရှင်းပြခဲ့ကြသည်ကိုလည်း လုပ်ငန်းစဉ်ဆောင်ရွက်မှုများတွင် မျက်မြင်ကြုံတွေ့ခဲ့ရပါသည်။ သို့ရာတွင် လာရောက်မေးမြန်းနိုင်ကြသူများသာလျှင် သိရှိသွားကြပြီး မလာရောက်ဖြစ်သူများအတွက်ကိုမူ ထိုကဲ့သို့အခွင့်အလမ်းများနှင့် အလှမ်းဝေးနေဦးမည်သာဖြစ်သည်။ ဤသို့ဖြင့် သက်သေခံကတ်ပြားလျှောက်ထား ကိုင်ဆောင်သင့်ကြောင်း သိရှိထားပါလျက်၊ တိုင်းရင်းသားလည်းဖြစ်ပါလျက် "အထောက်အထားမပြည့်စုံ" ဟူသည့်အချက်တစ်ခုတည်းကြောင့် အထောက်အထားမဲ့ဖြစ်နေရသူများ ထုထည်ကြီးမားစွာ ကျန်ရစ်နေဆဲပင်ဖြစ်သည်။

ကျပန်းလုပ်သားတစ်ဦးကမူ *"အရင်တုန်းကလည်း လဝကရုံးမှာသွားလျှောက်ဖူးသေးတယ်ဗျ။ ဒါပေမယ့် ကျွန်တော့်ပုံစံက အိန္ဒိယသွေးနှောပုံပေါက်နေတော့ သံသယရှိခံရပြီး ဘိုးဘွားတွေရဲ့အထောက်အထားကိုပါ တင်ပြနိုင်းလာတယ်။ အဲဒါတွေလိုက်ရှာဖို့ကမလွယ်ဘူးလေ။ စရိတ်စကတွေကိုလည်း မတတ်နိုင်တာမို့ နောက်ဆုံး လက်လျှော့လိုက်ရတော့တာပဲပေါ့။ ဒါကြောင့်မို့ အခု ကွင်းဆင်းလုပ်ပေးတော့မယ်ဆိုတာသိပေမယ့် ဒီလိုပဲဖြစ်ဦးမှာပဲဆိုပြီး သွားမလျှောက်ဖြစ်တာပါ'* ဟု သူ့အဖြစ်ကို ရှင်းပြသွားခဲ့သည်။



ဆွေးနွေးပွဲတွင်ပါဝင်သူ ကျူရှင်ဆရာမဆိုလျှင်လည်း မိဘများနှင့် ညီအစ်ကိုမောင်နှမများ၏ အထောက်အထားများ မရှိတော့သောကြောင့် ကွင်းဆင်းချိန်တွင် မလာရောက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ မိခင်တစ်ဦးမှာမူ ငယ်စဉ်ကတည်းကပင် မိဘနှစ်ပါးလုံးကွယ်လွန်သွားခဲ့ပြီဖြစ်ရာ အဒေါ်ဖြစ်သူနှင့်သာနေနေရပြီး မွေးစာရင်း၊ သန်းခေါင်စာရင်းတို့ မရှိသောကြောင့် အချက်အလက်မစုံဟုယူဆကာ ကွင်းဆင်းချိန်တွင် မလာရောက်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

## လျှောက်ထားမှုလုပ်ငန်းစဉ်ကိုမှ မသိထားတာ

Braveheart Foundation ဥပဒေအထောက်အကူပြုသူများသည် မဲစာရင်းတွင်နာမည်ပါသော်လည်း ကိုင်ဆောင်လက်မှတ်မရှိဟု ဖော်ပြထားသူများအား ရှေ့ပြေးကွင်းဆင်း၍ စိစစ်ဖော်ထုတ်ခဲ့ကြပါသည်။ ထို့အပြင် အိမ်တိုင်ရာရောက်အကြောင်းကြားရာတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားမှုအတွက် လိုအပ်သည့် အထောက်အထားများအား စာရွက်နှင့်ရေးကာ တစ်ပါတည်းပေးခဲ့ကြပါသည်။ သို့ရာတွင် ဆွေးနွေးပွဲတွင်ပါဝင်သည့် ကျောင်းသားတစ်ဦးသည် အဆိုပါ အချက်အလက်စာရွက်ပျောက်သွားသဖြင့် လျှောက်ထားမှုမပြုလုပ်ဖြစ်ခဲ့ကြောင်းဝန်ခံပြောကြားခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူ

မိခိုတစ်ဦးကလည်း "*နိုင်ကတ်လျှောက်ဖို့ဆိုပြီး ကွင်းဆင်းလုပ်ပေးတဲ့ မှော်ရုံအထိရောက်ခဲ့ပါသေးတယ်။ ဒါပေမယ့် အဲဒီမှာ အသိတစ်ယောက်က ဒီအသက်အရွယ်ရောက်နေပါပြီ၊ ဘာဖြစ်လို့လျှောက်နေဦးမှာလဲ။ မလိုအပ်တော့ပါဘူးလို့ပြောလာတာနဲ့ မလျှောက်ဖြစ်တော့တာပါ။ ကွင်းဆင်းလုပ်ပေးနေတာသိပေမယ့် ဘာတွေဘယ်လိုလုပ်ရမယ်ဆိုတာ မသိတဲ့အပြင် ဘေးပတ်ဝန်းကျင်ကိုလည်း မရင်းနှီးတော့ မမေးရဲခဲ့ဘူးလေ*" ဆိုပြီး ကိုယ့်ဆုံးဖြတ်ချက်ဖြင့်ကိုယ် မလျှောက်ဖြစ်ခဲ့ကြောင်း ပြောပြလာပါသည်။



ဤသည်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံသားဆိုင်ရာနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတအားနည်းမှုကြောင့် သက်ဆိုင်ရာတာဝန်ရှိသူကိုပင် မမေးမြန်းတော့ဘဲ အခြားသူပြောစကားဖြင့်သာ လက်လျှော့လိုက်ကြသူများ ရှိနေသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ရပ်ရွာတွင်းမှ စေတနာ့ဝန်ထမ်းနှင့် ရပ်ရွာခေါင်းဆောင်များအနေဖြင့် အသိပညာပေးရာတွင် မှန်ကန်သောသတင်းအချက်အလက်များကိုသာပံ့ပိုးပေးသင့်ကြောင်း မှတ်သားမိပါသည်။ အသက်အရွယ်ကြီးရင့်နေသူများ၊ ကျောင်းသားအရွယ်များတွင် နိုင်ငံသားဆိုင်ရာနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများ အားနည်းနေသေးပြီး မိမိတွင်အထောက်အထားမရှိပါက မိမိ၏နောင်မျိုးဆက်များသည်လည်း အခက်တွေ့နိုင်ကြသည်ကို မသိရှိထားကြပေ။

## ကျန်းမာရေးမကောင်းဘူး

ကွင်းဆင်းလုပ်ပေးစဉ်က ကျန်းမာရေးကြောင့် မလျှောက်ထားဖြစ်ခဲ့သူ (၂)ဦးလည်းရှိနေပါသည်။ အလုပ်လက်မဲ့ တစ်ဦးနှင့် မိခိုသူတစ်ဦးတို့သည် လဝကတိုက်နယ်မှူးများ ရပ်ကွက်အတွင်းကွင်းဆင်းဆောင်ရွက်ပေးချိန်တွင် ကျန်းမာရေး မကောင်းသဖြင့် ဆေးရုံ၊ဆေးခန်းတက်ရောက်နေရသည့်အပြင် ကွင်းဆင်းဆောင်ရွက်မှုများကို တစ်ရက်တည်းသာလျှင် ပြုလုပ်ပေးခြင်းဖြစ်မည်ဟုထင်မြင်ယူဆကာ ထပ်မံစုံစမ်းခြင်းလည်းမပြုတော့ကြရာ လျှောက်ထားမှုအခွင့်အရေး လက်လွှတ် ဆုံးရှုံးခဲ့ကြခြင်းဖြစ်သည်။ "*လဝကကွင်းဆင်းတဲ့နေ့တုန်းက အသည်းအသန်ဖြစ်လို့* ဆေးရုံတက်နေ*ရတာခင်ဗျ။* ကျန်းမာရေး *မကောင်းတဲ့သူတွေ၊ မသန်စွမ်းသူတွေကို သီးသန့်ကွင်းဆင်းပြီး အိမ်တိုင်ရာရောက်သာ မှတ်ပုံတင်လာလုပ်ပေးရင် သိပ်ကောင်းမယ်*" ဟု ပါဝင်ဆွေးနွေးသူတစ်ဦးက ပြောကြားခဲ့ပါသည်။

## ဈေးရောင်းနေရလို့ပါ



ဝမ်းရေးအတွက် ဈေးရောင်းဈေးဝယ်ဆောင်ရွက်နေရသဖြင့် အခွင့်အရေး မရခဲ့သူ (၁)ဦး ရှိပါသည်။ ထိုသူမှာ နိုင်ငံသားစိစစ်ရေးကတ်၏ အရေးပါပုံနှင့် လျှောက်ထားမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အတန်ငယ်သိထားသော်ငြား "*လဝက ဝန်ထမ်းတွေ ရပ်ကွက်ထဲမှာ ကွင်းဆင်းပြီးလာလုပ်ပေးကြတာ သိပါတယ်။ ဒါပေမယ့် ကိုယ်က နေ့တိုင်းဈေးထွက်နေရတာ ဆိုတော့ အိမ်မှာမရှိတာကများတယ်လေ*" ဟု အကြောင်းပြလာသည်။ လူတစ်ဦးချင်းစီ၏လိုအပ်ချက်တိုင်းကို လိုက်လံဖြည့်ဆည်းပေးရန် မဖြစ်နိုင်သော်ငြား အခြေအနေအမျိုးမျိုးကြောင့် အိမ်တွင်မရှိသူများအတွက်ကိုလည်း ထည့်သွင်းစဉ်းစားပေးခြင်း၊ ကူညီတိုက်တွန်းခြင်းတို့ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အထူးပင်ကောင်းမွန်လိမ့်မည်ဟု ယူဆပါသည်။

## စိတ်ကိုမဝင်စားတာ

ဆွေးနွေးသူတစ်ဦးကမူ နိုင်ကတ် သို့မဟုတ် သက်သေခံကတ်ပြား ရှိခြင်း/မရှိခြင်းမှာ ယင်းအတွက် အရေးကြီးသည်ဟုပင် မယူဆသောကြောင့် မလျှောက်ထားဖြစ်ခဲ့ခြင်းဖြစ်သည်။ *"ကိုယ်က ဘယ်နိုင်ငံမှလည်း သွားမှာမှမဟုတ်တာ။ ပြည်တွင်းမှာလည်း ခရီးသွားဖို့အစီအစဉ် မရှိဘူးလေ။ အဲဒါကြောင့် မလိုအပ်ဘူးလို့ကိုထင်ခဲ့တာ"* ဟု ၎င်း၏အယူအဆကို ထုတ်ပြသွားခဲ့သည်။ သက်သေခံကတ်ပြားဆိုသည်မှာ ခရီးသွားမည့်သူများအတွက်လောက်သာအသုံးဝင်သည်ဟု ထင်မှတ်နေကြသူများ ရှိနေကြောင်းကိုလည်း ဤအချက်က မီးမောင်းထိုးပြသွားခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်၊ သက်သေခံစာရွက်စာတမ်းများ၏ အရေးပါမှု၊ နောက်မျိုးဆက်များအတွက် အထောက်အပံ့ဖြစ်နိုင်မှုတို့ကို မသိရှိထားကြသဖြင့် တန်ဖိုးမထားတတ်ကြတော့ပေ။

## စက်ရုံကခွင့်မပေးဘူးရှင်

လစာငွေထုတ်နိုင်ရန်အတွက် ဘဏ်ကတ်လျှောက်ထားရတော့မည်ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါပုံကို အပြည့်အဝသိထားသဖြင့် မဖြစ်မနေလျှောက်ထားချင်ပါသော်လည်း စက်ရုံက ခွင့်မပေးသဖြင့် ကွင်းဆင်းလုပ်ငန်းလာရောက်ပြုလုပ်ပေးသည့်အခါတွင် မပါဝင်နိုင်ခဲ့ခြင်းဖြစ်ပါသည်ဟု ဆွေးနွေးပွဲတွင်ပါဝင်သူတစ်ဦးကလည်း သူမ၏ အခက်အခဲကို ပြောပြသွားခဲ့သည်။ စက်ရုံအလုပ်သမဖြစ်သူက *"ဘဏ်ကတ်အတွက် မှတ်ပုံတင်လိုအပ်တာသိတယ်၊ ဘဏ်ကတ်မရှိလို့ လစာထုတ်တဲ့အခါတိုင်း အဆင်မပြေဖြစ်ရတယ်။ ဒါကြောင့်မို့ လဝကကွင်းဆင်းတဲ့နေ့တုန်းက သွားလျှောက်ချင်ပါရဲ့ ဒါပေမယ့် စက်ရုံကခွင့်မပေးတော့ ဘာမှမတတ်နိုင်တော့ဘူးလေ။ နောက်ရက်ကြရင်တော့ ခွင့်ယူပြီးလျှောက်ဖြစ်အောင်လျှောက်မှာပါ။ လိုအပ်တဲ့စာရွက်စာတမ်းတွေကတော့ အတော်လေးပြည့်စုံနေပါပြီ"* ဟု ပြောကြားခဲ့ပါသည်။








# အဓိကတွေ့ရှိချက်များ

ကွင်းဆင်းတွင် လာရောက်မလျှောက်ထားရသည့် အကြောင်းအရင်းများကို လေ့လာကြည့်ပါက အချို့မှာ နိုင်ငံသား စိစစ်ရေးကတ် အရေးကြီးမှန်းသိသော်လည်း နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သည့် အခြေခံဗဟုသုတ အားနည်းနေခြင်း၊ မိမိလက်ဝယ်ရှိသောအချက်အလက်များသည် မပြည့်စုံသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရယူနိုင်မည် မဟုတ်ဟု တစ်ဖက်သတ်ယူဆကာ စိတ်ဝင်စားမှုအားနည်းနေခြင်း၊ အခြားလူမှုရေး၊ စီးပွားရေး အခြေအနေများကြောင့် စိတ်ဝင်စားမှု လျော့နည်းနေပြီး လျှောက်ထားမှုစတင်ရန် အခွင့်အရေးမရယူနိုင်ကြခြင်း ဖြစ်ပါသည်။ ထို့အတူ အချို့မှာမူ နိုင်ငံရပ်ခြားသွားရောက်မည့်အစီအစဉ်မရှိသဖြင့် ၎င်းတို့အတွက် သက်သေခံကတ်ပြားမလိုအပ်ဟုယူဆနေခြင်း၊ စားဝတ် နေရေးအတွက် တစ်နေ့လုပ်မှတစ်နေ့စားရသော အခြေအနေဖြစ်နေခြင်း၊ အသက်အရွယ်ကြီးမြင့်နေ၍ မလိုအပ်တော့ဟု ယူဆနေခြင်းတို့လည်း ရှိနေပါသည်။

အချို့ကမူ ယခင်အတွေ့အကြုံများအရ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှုအတွက် အထောက်အထား စာရွက်စာတမ်းများ လိုအပ်နေသေးသည်ဟု ပြောခံခဲ့ရဖူးသဖြင့် ဤအကြိမ်တွင်လည်း ရနိုင်မည်မဟုတ်ဟုယူဆထားကြ သောကြောင့် ထပ်မံလျှောက်ထားကြည့်ရန် စိတ်မပါကြခြင်းဖြစ်သည်။ ယခင်က ကာယကံရှင်ကိုယ်တိုင် သွားရောက် လျှောက်ထားခဲ့စဉ်က အထောက်အထားမပြည့်စုံခြင်း၊ လဝကရုံးသို့လည်း ကြိမ်ဖန်များစွာသွားရောက်ခဲ့ရခြင်းတို့ကြောင့် ငွေကုန်လူပန်းဖြစ်ခဲ့ရဖူးသည်။ လဝကရုံးသို့ အကြိမ်ကြိမ်သွားခဲ့ရသည်၊ ၎င်းတို့မေးသောမေးခွန်းများကိုလည်း လဝက ဝန်ထမ်းများက ပြန်မဖြေကြဟု မည်သို့ပင်ပြောနေကြစေကာမူ ဆက်လက်စူးစမ်းကြည့်ရာတွင် ကာယကံရှင်များသည် လဝကရုံးသို့ အကြိမ်ကြိမ်သွားသည်ဆိုသော်ငြား မိမိ၏တိုက်နယ်မှူးမည်သူဖြစ်သည်ကိုပင် မစုံစမ်းဖြစ်ခဲ့ကြကြောင်း၊ ရုံးပေါက်ဝမှာပင် စောင့်ဆိုင်းနေတတ်ပြီး အချိန်ကြာလာတော့မှ ထပြန်လာကြသည်ချည်းသာဖြစ်သည်။

ယခု ကွင်းဆင်းလုပ်ငန်းဆောင်ရွက်နေသောကာလသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားနေချိန်ဖြစ်သဖြင့် နေအိမ်တွင်း၌သာနေထိုင်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်များထုတ်ပြန်ထားသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အများအပြားတွင်လည်း ပြင်ပလူများဝင်ရောက်မှုမရှိစေရေးအတွက် လမ်းများကို ပိတ်ထားချိန်လည်းဖြစ်သည်။ ထိုမျှမကသေး ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်နေရချိန်လည်းဖြစ်ပါသည်။ ထို့ထက်ပို၍ထူးခြားသည်မှာ မရှိနွမ်းပါးသူများအတွက် နိုင်ငံတော်အစိုးရမှပံ့ပိုးပေးသည့်ထောက်ပံ့ကြေးများ ဝေငှပေးနေချိန် ဖြစ်ရာ လူထုစိတ်ဝင်စားမှုသည်လည်း ထိုဘက်သို့သာ စိတ်ရောက်နေကြသည်။

လျှောက်ထားမှုအတွက် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ မစုံလင်သောကြောင့်ဟု အကြောင်းပြ နေကြသူများလည်း ရှိနေပါသည်။ သို့ရာတွင် မည်သည့်စာရွက်လိုအပ်သည်ကိုမူ သက်ဆိုင်ရာလဝကဝန်ထမ်းအား စနစ် တကျ ပြန်လည်မေးမြန်းခြင်းမျိုး မပြုခဲ့ကြပေ။ မည်သည့်စာရွက်ကဖြင့် မဖြစ်မနေပါရှိရမည်၊ မည်သည့်အထောက်အထား များအတွက်ကိုမူ မည်သူ့ထံမှထောက်ခံချက်ဖြင့် ဖြေလျှော့ပေးနိုင်မည် စသည်တို့ကို တိတိကျကျမသိရှိပါဘဲ တစ်ဖက်သတ် ထင်မြင်ယူဆချက်များဖြင့်သာ လက်လျှော့လိုက်ကြသူများလည်း ရှိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံသားစိစစ်ရေးကတ် (အရပ်အခေါ် မှတ်ပုံတင်)အပေါ် တန်ဖိုးထားမှု၊ ၎င်းနှင့်ဆက်စပ် နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများအား သိရှိနားလည်မှု အားနည်းနေသေးသရွေ့ အထောက် အထားမဲ့သူအရေအတွက် လျော့နည်းဦးမည်မဟုတ်ပါ။

# အကြံပြုတင်ပြချက်များ

ကွင်းဆင်းဆောင်ရွက်မှုတွင် အခွင့်အရေးမရခဲ့သူ၊ လျှောက်ထားမှုမပြုလုပ်ခဲ့သူအများစုမှာ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး အားနည်းသည့် ထိခိုက်လွယ်သောအုပ်စုဝင်များဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားရန် ဆန္ဒရှိကြသော်လည်း ယင်းတို့အတွက် ဦးစားပေးတော့မဟုတ်ပေ။ ထို့အပြင် အသက်အရွယ်ကြီးရင့်ခြင်း၊ ပြည်တွင်းပြည်ပ ခရီးသွားလာမည့်အစီအစဉ် မရှိခြင်းတို့ကြောင့်လည်း လျှောက်ထားရန် ဆန္ဒမရှိကြပေ။ ဤသည်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအထောက်အထားများ၏ အရေးပါမှုများ၊ ရရှိနိုင်သည့်အခွင့်အလမ်းများကို သိရှိမှု အားနည်းနေကြသောကြောင့်ပင် ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဆောင်ရွက်ပြီးစီးခဲ့သည့် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းလုပ်ငန်းများအပေါ် အခြေခံသုံးသပ်ပြီး အောက်ပါအကြံပြုချက်များအား တင်ပြအပ်ပါသည်။

၁။ လူဦးရေစာရင်းအပါအဝင် အချက်အလက်ကောက်ယူရမည့်လုပ်ငန်းစဉ်မျိုးဆိုသည်မှာ ကျွမ်းကျင်သူများကသာ လုပ်ဆောင်သင့်သည့်အရာများဖြစ်သဖြင့် စေတနာ့ဝန်ထမ်းမျှသာဖြစ်သော ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့ဝင်များအား တာဝန်မပေးသင့်ပါ။ မဖြစ်မနေ တာဝန်ပေးရမည်ဆိုပါကလည်း မြေပြင်တွင် လက်တွေ့ကောက်ယူခြင်းမပြုမီ မေးခွန်းမေးမြန်းခြင်း၊ ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အချက်အလက်မှတ်တမ်းတင်ခြင်းတို့ကို စနစ်တကျ လေ့ကျင့်ပေးထားသင့်ပါသည်။ ထို့အပြင် ကောက်ယူရရှိခဲ့သောအချက်အလက်များကိုလည်း တာဝန်ရှိသူတစ်ဦးမှ ပုံမှန်ပြန်လည်စိစစ်ပေးနေရပါမည်။ သို့မဟုတ်ပါကလည်း ကျွမ်းကျင်သူများ၊ ဌာနများကိုသာ တာဝန်ပေးသင့်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့အကြားတွင် အလွှာအသီးသီး၌ ပေါင်းစပ်ညှိနိုင်းမှုများ ညီညွတ်ပီပြင်ဖို့လိုပါသည်။ ပေါင်းစပ်ညှိနိုင်းမှုများအားနည်းခြင်းကြောင့် လုပ်ငန်းများမပြီးမပြတ်ဖြစ်ရပြီး အကြိမ်ကြိမ်ပြန်လည်ပြင်ဆင်နေခဲ့ရသည်ကို အချိန်မီပြုပြင်ဖို့လိုအပ်ပါသည်။

၃။ ပြည်သူလူထုအကြား နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် သက်သေခံအထောက်အထား စာရွက်စာတမ်းများ၏ အရေးပါပုံကိုပိုမိုသိရှိနားလည်ပြီး တန်ဖိုးထားတတ်လာစေရန်အတွက် အများပြည်သူအလွယ်တကူလက်လှမ်းမီသည့် စာစောင်၊ သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို အစရှိသည့် မီဒီယာပေါင်းစုံမှ ပညာပေးလှုံ့ဆော်ခြင်းများကို ပုံမှန်လုပ်ဆောင်ပေးနေသင့်ပါသည်။

၄။ လဝကဌာနအနေဖြင့်လည်း သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ကျန်းမာရေးချို့တဲ့သူ အစရှိသည့် အထူးဂရုစိုက်ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်ရှိသူများအတွက် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ပိုမိုထိရောက်လာမည်ဟု ရှုမြင်ပါသည်။ ဝန်ထမ်းအင်အား၊ ဘတ်ဂျက်အင်အား မလုံလောက်ခြင်း၊ လုပ်ငန်းတာဝန်များပြားခြင်း စသည့်စိန်ခေါ်မှုများစွာ ရှိနေသော်လည်း အများပြည်သူ၏လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် သီးခြားစီမံချက်များ ရေးဆွဲလုပ်ဆောင်သင့်ပါသည်။

၅။ အိုးပိုင်အိမ်ပိုင်မရှိသူများအတွက် အထောက်အထားမဲ့ခြင်းမဖြစ်ရစေရန် အခြေခံအကျဆုံးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) မဟုတ်သည့်တိုင် အလားတူစာရွက်စာတမ်းတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးကို အလေးပေးစဉ်းစားသင့်ပါသည်။ (နိုင်ငံတော်မှထောက်ပံ့ကြေးဝေငှပေးမှုနှင့်ပတ်သက်၍ ဒေသအသီးသီး၌ ပြဿနာများစွာ တက်နေကြသည်မှာလည်း ဤအချက်က အခြေခံပင်ဖြစ်ပါသည်။)

၆။ စက်ရုံ၊ အလုပ်ရုံများကဲ့သို့ ဝန်ထမ်းရာထောင်ချီသည့်နေရာများအတွက် အလုပ်မပျက်ရစေရန် စက်ရုံ၊ အလုပ်ရုံ ပိတ်ရက်များတွင်သာ ကွင်းဆင်းဆောင်ရွက်ခြင်း သို့မဟုတ် ဖြစ်နိုင်မည်ဆိုပါက တာဝန်ရှိသူများနှင့်ညှိနှိုင်းကာ စက်ရုံ၊ အလုပ်ရုံအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။

၇။ မိဘဆွေမျိုးများ၏ အထောက်အထားများပြန်လည်ရှာဖွေရန် အခက်တွေ့နေသူများအတွက် မွေးရာပါနိုင်ငံသားများ ဖြစ်ကြောင်းကို ခိုင်လုံအောင်တင်ပြနိုင်မည်ဆိုပါက အခြားသောလိုအပ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ထိုကဲ့သို့ ဖြေလျှော့မှုများကိုလည်း (အထူးလျှို့ဝှက်ညွှန်ကြားချက်များမဟုတ်ပါက) အများပြည်သူသိရှိစေရန် ကြေညာပေးထား သင့်ပါသည်။

၈။ ရပ်/ကျေးအဖွဲ့ဝင်များဆိုသည်မှာ အခြေခံအကျဆုံး အုပ်ချုပ်ရေးယူနစ်များဖြစ်သည့်အလျောက် ရပ်/ကျေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိစီမံခန့်ခွဲရသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှ လူဦးရေစာရင်း၊ ဖွား/သေစာရင်း အပြင် အထောက်အထားမရှိသူစာရင်းတို့ကိုလည်း ပုံမှန်ပြုစုပြီး ကာယကံရှင်များအား ပညာပေးတိုက်တွန်းခြင်း၊ လဝကဌာန ဝန်ထမ်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ လုပ်ဆောင်သင့်ပါသည်။

၉။ အများပြည်သူများအနေဖြင့်မူ နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် သက်သေခံ အထောက်အထားစာရွက်စာတမ်း များအပေါ် ယခုထက်ပိုမို၍ အလေးအနက်ထားသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ နိုင်ကတ်ဆိုသည်မှာ ခရီး သွားလာရုံသက်သက်အတွက်သာမဟုတ်ဘဲ မိမိတစ်ဦးတည်းအတွက်သာမက မျိုးဆက်သစ်များအတွက်ကိုပါ အရေး ကြီးသည်ဆိုသောအချက်ကို လျစ်လျူမရှုသင့်ပေ။ ထို့အပြင် အိမ်ထောင်စုလူဦးရေစာရင်းဆိုသည်မှာလည်း အခြေခံ စာရွက်စာတမ်းတစ်ခုပင်ဖြစ်ပြီး ဆက်စပ်အခွင့်အရေးများကိုလည်း ရယူပိုင်ဆိုင်လိုပါလျှင် မဖြစ်မနေကိုင်ဆောင် သိမ်းဆည်းထားရမည့် စာရွက်စာတမ်းပင်ဖြစ်ပါသည်။ ဤကဲ့သို့စာရွက်စာတမ်းများအတွက် အချိန်ပေးလျှောက်ထား သင့်ပါကြောင်း ထပ်လောင်းတိုက်တွန်းအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လှိုင်သာယာမြို့နယ်သည် မြန်မာနိုင်ငံတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းလာကြ သူများ စုဝေးသည့်နေရာဖြစ်ပြီး အထောက်အထားမဲ့သူဦးရေ များပြားနေမှုကြောင့် ဒေသခံပြည်သူများ အထူးသဖြင့် ထိခိုက်လွယ်သောလူအုပ်စုဝင်များအတွက် သက်သေခံအထောက်အထားသည် မရှိမဖြစ်ကိုင်ဆောင်ထားရမည့် စာရွက် စာတမ်းများပင်ဖြစ်ပါသည်။ *"တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်"*[7] ဟု ဥပဒေအရ မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ လက်တွေ့တွင် အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားနိုင်ခြင်းမရှိသူများအဖို့ နိုင်ငံသားတစ်ဦး ရသင့်ရထိုက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးနေကြဦးမည်သာဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ကတ် အပါအဝင် သက်သေခံအထောက်အထား စာရွက်စာတမ်းများကို လျှောက်ထားကိုင်ဆောင်ထားကြခြင်းဖြင့် နိုင်ငံသား အခွင့်အရေးများကို အပြည့်အဝခံစားရရှိနိုင်ကြပါစေကြောင်း တိုက်တွန်းဆော်ဩအပ်ပါသည်။

[7] ပုဒ်မ ၅ - မြန်မာနိုင်ငံသားဥပဒေ၊ ၁၉၈၂။

# အဖွဲ့အစည်း နောက်ခံအကျဉ်း

Braveheart Foundation သည် အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ၂/ရန်ကုန်/၀၇၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး အဆင့်တွင် တရားဝင်မှတ်ပုံတင်ထားပြီး အကျိုးအမြတ်ရယူခြင်းမရှိသော၊ လူမျိုး၊ ဘာသာ၊ ကျား/မ စသည်တို့အပေါ်တွင် ခွဲခြားဆက်ဆံခြင်းမပြုသော ပြည်တွင်းလူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နိုင်ငံသားဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ လျှောက်ထားရယူခြင်းလုပ်ငန်းစဉ်များအား ကူညီပံ့ပိုးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာမြို့နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ကျိုင်းတုံမြို့နယ်တို့တွင် နယ်မြေခံ ဥပဒေအထောက်အကူပြုသူ (Paralegals)များ ခန့်အပ်ထားပြီး ဒေသခံလူထု အထူးသဖြင့် အထောက်အထားမဲ့သူများအား အသိပညာပေးခြင်း၊ လျှောက်ထားမှုလုပ်ငန်းစဉ်များအား ပံ့ပိုးကူညီခြင်းတို့ကို အခမဲ့ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် BRAVEHEART Foundation အနေဖြင့် အထောက်အထားစာရွက်စာတမ်း မရှိသူများအား ဥပဒေဆိုင်ရာ အသိအမြင်ဖွင့်ပေးခြင်း၊ လျှောက်ထားမည့်သူများအား ကူညီဆောင်ရွက်ပေးနိုင်ရန် ဥပဒေအထောက်အကူပြုသူများကို မွေးထုတ်ပေးခြင်း၊ လိုက်ပါကူညီပေးခြင်း၊ ရပ်ရွာလူထုကိုယ်တိုင် ဆောင်ရွက်နိုင်အောင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။

တစ်ဆက်တည်းမှာပင် အခြားသော လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့စီမံချက်နယ်မြေအတွင်းရှိ ဦးတည်အုပ်စုများအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်နေရင်းကပင် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများနှင့် ပတ်သက်၍လည်း ဖြည့်စွက်ကူညီပေးနိုင်စေရန် နည်းပြဆရာဖြစ်သင်တန်းများကိုလည်း မြန်မာနိုင်ငံအဝှမ်းတွင် လိုက်လံပို့ချပေးလျက်ရှိပါသည်။ Braveheart Foundation ၏ ဝန်ဆောင်မှုများကိုရယူလိုပါက ဖုန်းနံပါတ် ၀၉ ၂၅၂၂၅ ၄၀၆၄ သို့ဖြစ်စေ၊ ဝက်ဘ်ဆိုက်လိပ်စာဖြစ်သော www.braveheartfoundation.net သို့မဟုတ် ဖေ့စ်ဘွတ်စာမျက်နှာ Braveheart Foundation မှတစ်ဆင့်ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် မအားလပ်သည့်ကြားမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြပါသော လှိုင်သာယာမြို့နယ်မှ ဒေသခံများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ကိုဗစ်ကာလ စိန်ခေါ်မှုအမျိုးမျိုးကြားမှ ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ကြသည့် ဥပဒေအထောက်အကူ ပြုသူများအပါအဝင် Braveheart Foundation အဖွဲ့သားများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။ လိုအပ်သောအချက် အလက်များသာမက ဖြည့်စွက်အကြံပြုချက်များကိုပါ ပံ့ပိုးပေးခဲ့ကြသည့် ဌာနအသီးသီးမှပုဂ္ဂိုလ်များကိုလည်း ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ နောက်ဆုံးအနေဖြင့် နည်းပညာပိုင်းအကြံဉာဏ်များသာမက အစီရင်ခံစာပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ပံ့ပိုး ကူညီပေးပါသော UNHCR အဖွဲ့အားလည်း ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။

BRAVE HEART FOUNDATION

၂/ရန်ကုန်/၀၇၀


အခန်း – B2၊ တိုက်အမှတ် – ၁၁၅၀၊ သီတာလမ်း၊
(၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉ ၂၅၂၂၅ ၄၀၆၄
ဝက်ဘ်ဆိုက် – www.braveheartfoundation.net
ဖြေစ်ဘွတ်စာမျက်နှာ – Braveheart Foundation

ယခုအစီရင်ခံစာတွင် ရေးသားထားသော အကြောင်းအရာများ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များသည် Braveheart Foundation ၏ အာဘော်သက်သက်သာဖြစ်ပါသည်။ UNHCR အဖွဲ့၏ မူဝါဒများ၊ ခံယူချက်များကို ထင်ဟပ်ထားခြင်းဖြစ်သည်ဟု မမှတ်ယူစေလိုပါ။